


# ရွှေတြိဂံ နမ့်ဟုတ်မြစ်ဝှမ်းဒေသကို ကာကွယ်ပါ

## စစ်ကောင်စီက UWSA အား တာချီလိတ်တွင် စက်ရုံတည်ဆောက်ခွင့် ပေးလိုက်ခြင်းသည် ကြီးမားသောညစ်ညမ်းမှုအဖြစ် ခြိမ်းခြောက်နေ

**ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်**

ဩဂုတ်လ 2021



# အကျဉ်းချုပ်

ရှမ်းပြည်အရှေ့ပိုင်း တာချီလိတ် မြို့နယ် ထိုင်းနယ်စပ်နှင့် ၁ ကီလိုမီတာခန့်အကွာ မတရား သိမ်းယူထားသော လယ်ယာမြေများပေါ်တွင် 'ဝ' သွေးစည်းညီညွတ်ရေးတပ်ဖွဲ့(UWSA) ပိုင် ဟုန်ပန်းကုမ္ပဏီများအုပ်စုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) ကျောထောက် နောက်ခံဖြင့် စက်ရုံ ၂ ခု တည်ဆောက်ရန် တဖန်အသက်သွင်းဖို့ ကြိုးစားလာခဲ့သည်။ ဒေသခံ ပြည်သူအများက ပတ်ဝန်းကျင်ညစ်ညမ်းမှု ဆိုးကျိုးသက်ရောက်မှုများ စိုးရိမ်နေရပြီး သူတို့ ပိုင်ဆိုင်သည့် မြေယာများကိုလည်း ပြန်လည်ရရှိလိုခြင်းကြောင့် ဆန့်ကျင်ကန့်ကွက်နေလျက် ရှိသည်။

တာချီလိတ်မြို့၏ အရှေ့ဘက် ဧက 100 ကျယ်ဝန်းသည့် မြေကွက်တွင် စက်ရုံတည်ဆောက်ရန် ရာထားသည်။ ၎င်းမြေကွက်သည် 1998-1999 နှစ်များက မြန်မာစစ်တပ်မှ စက်မှုဇုန်တည် ဆောက်ရန်ဟုဆိုကာ မတရားသိမ်းယူထားသည့် ဧက 600 ရှိ လယ်ယာမြေများ၏ တစိတ်တ ပိုင်း ဖြစ်သည်။ မြေဧက 100 အကွက်ကို 'ဝ'သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ပိုင် ဟုန်ပန်းကုမ္ပဏီ များအုပ်စုက 2001 ခုနှစ်တွင် ရယူထားခြင်း ဖြစ်သော်လည်း စက်ရုံမတည်ဆောက်ဖြစ်ပါ။

2011 ခုနှစ်မှစတင်၍ တာချီလိတ်မြို့နယ် ဟောင်လိတ် လယ်သမားများက သမ္မတဦးသိန်းစိန် လက်ထက် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) အစိုးရအား စိုက်ပျိုးလို့ရနိုင် သည့် အကွက်တွင် ဆက်လက်လုပ် ကိုင်လျက်ရှိပြီး သူတို့ပိုင်ဆိုင်သည့် စက်မှုဇုန်မှ လယ်ယာ မြေများ ပြန်ပေးရန် မေတ္တာရပ်ခံခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရ လက်ထက်တွင် ဆက်လက်တောင်းဆိုလာသော်လည်း 2019 ခုနှစ် စက်တင်ဘာလ 5 ရက်နေ့ တွင် ရှမ်းပြည်နယ်အစိုးရက ဟုန်ပန်းကုမ္ပဏီလက်အောက်ခံ လွိုင်ဆမ်ဆောင်း ကုမ္ပဏီအား ဧက 100 ရှိ မြေကွက်ပေါ်တွင် စက်ရုံ 2 ခု တည်ဆောက်ရန် ခွင့်ပေးခဲ့သည်။ တည်ဆောက်မည့် စက်ရုံ 2 ခုမှာ ရော်ဘာ သန့်စင်စက် နှင့် မန်းဂနိစ် သန့်စင်စက် တို့ဖြစ်သည်။

2019 ခုနှစ် အောက်တိုဘာလထဲတွင် 'ဝ' တပ်ဖွဲ့ပိုင် ကုမ္ပဏီက သိမ်းယူထားသော လယ်ယာ မြေအားခြံစည်းရိုးခတ်ရန်ကျိုးစားခဲ့သော်လည်းလယ်သမားများကပိတ်ဆို့နိုင်ခဲ့သည်။ကုမ္ပဏီ က ကျူးကျော်မှု နှင့် ပိုင်ဆိုင်မှုများ ဖျက်ဆီးသည်ဟုဆိုကာ တရားစွဲဆိုခဲ့သော်လည်း ဆောက် လုပ်ရေးကိုမူ ရပ်တန့်ခဲ့သည်။ 2020 နှင့် 2021 နှစ် အစောပိုင်းများထဲတွင် ကုမ္ပဏီက စည်းရိုး စိုက်ထူရန် ကျိုးစားနေခဲ့သော်လည်း လယ်သမားများက ဆက်လက်ဟန့်တားနိုင်ခဲ့ပြီး တရား ရေးရာလမ်းကြောင်းမှလည်း လယ်ယာမြေများ ပြန်လည်ရရှိရေး ကြိုးစားခဲ့သည်။

စစ်တပ်မှ နိုင်ငံတော်အာဏာသိမ်းယူပြီးနောက် 3 လအကြာ မေလ 6 ရက်နေ့တွင် ဟုန်ပန်း ကုမ္ပဏီက ဘူဒိုဇာဖြင့် ရုတ်တရက်ရောက်လာပြီး မြေညှိရန် စတင်နေလေသည်။ ဒေသခံ လယ်သမားများနှင့် ရဟန်းသံဃာများက ဆန့်ကျင်ကန့်ကွက်ကြသည့်အတွက် ကုမ္ပဏီ

လုပ်သားများက ၎င်းတို့အား အကာအကွယ်ပေးရန် ရဲတပ်ဖွဲ့များအား ခေါ်ယူခဲ့သည်။ ဤလုပ်ရပ်ကိုကြည့်လျှင် စစ်ကောင်စီက ‘ဝ’တပ်ဖွဲ့၏ နောက်ကွယ်တွင် အရိုင်အမာရှိနေကြောင်းသိသာသည်။

မေလ နှင့် ဇွန်လ အတွင်းတွင် ခြိမ်းခြောက်မှုများ ရှိနေလင့်ကစား ကုမ္ပဏီ ၏ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို ဒေသခံလူထုတို့က သတ္တိရှိရှိ ကြိုးစားတားဆီးနိုင်ခဲ့သည်။ သို့သော်လည်း ကုမ္ပဏီက ညအပြင်မထွက်ရ အမိန့်အချိန်ကို အသုံးချပြီး ဖျက်ဆီးရန် ခက်ခဲသည့် ကွန်ကရစ်စည်းရိုးအုတ်မြစ်ချခြင်း စသည့်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ဇူလိုင်လဦးပိုင်းမှစ၍ ဆောက်လုပ်ရေး အစီအစဉ်များ ရပ်နားခဲ့သော်လည်း ကိုဗစ် လော့ဒေါင်းနှင့် ကြုံကြိုက်နေတာကြောင့် ဆောက်လုပ်ရေးများ ရပ်တန့်နေတာဖြစ်နိုင်ကြောင်း ဒေသခံလူထုက ယုံကြည်ကြသည်။

ဒေသခံများအနေဖြင့် စက်ရုံတည်ဆောက်မှုအား ဆန့်ကျင်ကန့်ကွက်ရခြင်းမှာ လယ်ယာမြေများ ဆုံးရှုံးမှုတင်မကဘဲ ပတ်ဝန်းကျင်ညစ်ညမ်းမှုမှာ အထူး စိုးရိမ်ရခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် စက်မှုဇုန်ကို စီးဆင်းဖြတ်သန်း နေသည့် နမ့်ဟုတ်မြစ်ချောင်းသည် ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်ခြား သတ်မှတ်ပေးထားခြင်းဖြစ်ပြီး မဲခေါင်မြစ်တွင်းသို့စီးဆင်းကာ ရွှေတြိဂံ တွင် ဆုံဆည်းသည်။

လွန်ခဲ့သည့် နှစ်များက ထိုင်းရေဘက်ဆိုင်ရာ အရာရှိများ၏ တိုင်းထွာစစ်ဆေးချက်အရ နမ့်ဟုတ်မြစ်ချောင်းသည် မန်းဂနိစ်များရှိနေသည့်အဆင့်သည် စိုးရိမ်ဖွယ်အန္တရာယ် ရှိသည်ဟု ဆိုပါသည်။ ဤဖြစ်ရပ်သည် တာချီလိတ်၏ မြောက်ဘက်တွင် လက်ရှိ မန်းဂနိစ်များ တူးဖော်လျက်ရှိရာမှ စိမ့်ဝင်လာခြင်းဖြစ်နိုင်သလို နမ့်ဟုတ်မြစ်ဧရိယာမှ စုပုံထားသည့် မန်းဂနိစ်များလည်း ဖြစ်နိုင်ပါသည်။ နမ့်ဟုတ်မြစ်ကမ်းနံဘေးမှ မန်းဂနိစ်သန့်စင်စက်ရုံ တည်ဆောက်ခြင်းသည် လက်ရှိ ညစ်ညမ်းမှုအား ပိုမိုတိုးပွါးစေမည့်အပြင် ကလေးများ၏ ကျန်းမာရေးအတွက်ပါ အန္တရာယ်ဖြစ်စေပါသည်။

ဒေသခံများအနေဖြင့်လည်း စက်ရုံ ၂ ရုံမှ ထွက်လာသည့် အခိုးအငွေ့များသည် လေထုညစ်ညမ်းမှုများ ဖြစ်စေကာ အထူးသဖြင့် ရော်ဘာသန့်စင်သည့် ညှော်နံ့သည် တာချီလိတ်မြို့ အရှေ့ပိုင်း ဆင်ခြေဖုံးဒေသ နှင့် အခြားတဖက်၌ ဆက်စပ်နေသည့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ ဝန်းကျင်တွင် ကျန်းမာရေးဆိုင်ရာပြဿနာများ ခံစားရဖွယ်ရှိပြီး ခရီးသွားလာရေးလုပ်ငန်း၌လည်း ထိခိုက်လာနိုင်ဖွယ်ရှိသည်။

စစ်တပ်အရာရှိကြီးများ နှင့် ပြင်ပမှလာရောက်ရင်းနှီးမြှုပ်နှံသူများ ပိုမိုချမ်းသာသည်ထက် ချမ်းသာဖို့တာချီလိတ်၌မန်းဂနိစ်တူးဖော်ရေးလုပ်ငန်းနှင့်ရော်ဘာစိုက်ခင်းများကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာခြင်းသည် ဒေသတွင်း ပတ်ဝန်းကျင် နှင့် လူနေမှုဘဝအား ဆိုးကျိုးများစွာ

သက်ရောက် စေခဲ့ပြီးဖြစ်သည်။ စီမံကိန်းချထားသည့် စက်ရုံများသည် နောက်ထပ်ပျက်စီးမှုများကိုပင် ပြုလုပ်ရန်အဆင်သင့်ဖြစ်နေပြီး နှစ်ဖက်နယ်စပ်တွင် မှီတင်းနေထိုင်ကြသော ပြည်သူများအား ပိုမိုဒုက္ခရောက်စေမှာ ဖြစ်သည်။

ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်သည် ဟောင်လိတ်ကျေးရွာသူ/သားများ၏ ရဲစွမ်းသတ္တိကို လွန်စွာချီးကျူးလိုပါသည်။ တချိန်တည်းတွင် စစ်ကောင်စီနှင့် ‘ဝ’သွေးစည်းညီညွတ်ရေးတပ်ဖွဲ့တို့အားလည်း အဆိုပါစက်ရုံတည်ဆောက်မှုအစီအစဉ်ကို ဖျက်သိမ်းပေးရန် လယ်ယာမြေများကိုလည်း သက်ဆိုင်ရာ ပိုင်ဆိုင်သူ လယ်သမားများထံ ပြန်လည်ပေးအပ်ရန် ပန်ကြားလိုပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း 20 ခန့်က မယ်ဆိုင်ပြည်သူလူထုက ဟုန်ပန်းကျောက်မီးသွေး စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား တည်ဆောက်ရေး စီမံချက်ကို အောင်မြင်စွာ တားဆီးနိုင်ခဲ့သည့် ဖြစ်ရပ်ကို လွန်စွာပဲ အားကျပါသည်။ ယခုတခါ ကျွန်ုပ်တို့ ညီတူညီမျှ ပိုင်ဆိုင်သည့် နမ့်ဟုတ်မြစ်ချိုင့်ဝှမ်းပတ်ဝန်းကျင်ကာကွယ်ရန် လှုပ်ရှားမှု၌လည်း မယ်ဆိုင်ပြည်သူတို့အနေဖြင့် အလားတူ ပါဝင်ဆင်နွှဲ ကူညီကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

# မာတိကာ


အကျဉ်းချုပ် 2

နိဒါန်း 6

တာချီလိတ်မြို့နယ် ပောင်လိတ် ကျေးရွာသူ/သားများ၏ လယ်ယာမြေများ သိမ်းယူမှု ဖြစ်စဉ်ပြ မှတ်တမ်းဇယား 8

တာချီလိတ် ဟုန်ပန်းကုမ္ပဏီ လုပ်ဆောင်ချက်များ နောက်ခံသမိုင်း 18

- တာချီလိတ် ဟုန်ပန်းကျောက်မီးသွေး လျှပ်စစ်ဓာတ်အားစီမံချက်အား ထိုင်းနိုင်ငံ ပြည်သူများကန့်ကွက် 21
- ဒဏ်ခတ်မှုကြားမှ တာချီလိတ်တွင် UWSA စီးပွါးရေးလုပ်ငန်းများ အားကောင်းနေဆဲ 22

ရှမ်းပြည်အရှေ့ပိုင်းမှ မန်းဂနိစ်တူးဖော်ရေးလုပ်ငန်းများ 24

- မန်းဂနိစ်သတ္တုရိုင်းများ သည်ယူပို့ဆောင်ခြင်းနှင့် တင်ပို့ရောင်းချခြင်း 26
- မန်းဂနိစ်ထုတ်လုပ်မှုမှ ညစ်ညမ်းမှုများ 28
  - ရေညစ်ညမ်းမှု 28
  - လေထုညစ်ညမ်းမှု 30

တာချီလိတ်မှရော်ဘာထုတ်လုပ်မှု 30

- ရော်ဘာသန့်စင်စက်ရုံမှ စိုးရိမ်ဖွယ်ရာ ပတ်ဝန်းကျင်ညစ်ညမ်းမှု 31


နိဂုံး 32

# နိဒါန်း


ဤထုတ်ပြန်ချက်သည် လွန်ခဲ့သည့် နှစ်ပေါင်း 20 ကျော်က မြန်မာစစ်တပ်မှ မတရားသိမ်းယူထားသည့် လယ်ယာမြေများကို ပြန်လည်ရရှိရန် ကြိုးစားနေသည့် ပောင်လိတ် ကျေးရွာသူ/သားများ၏ ရဲစွမ်းသတ္တိရှိမှုကို ထုတ်ဖော်ပြသရန် ရည်ရွယ်ပါသည်။ အကယ်၍ ‘ဝ’ သွေးစည်းညီးညွတ်ရေးတပ်ဖွဲ့ (UWSA) အနေဖြင့် စီမံကိန်းအတိုင်း စက်ရုံများတည်ဆောက်မည်ဆိုလျှင် ထိုင်း-မြန်မာ နယ်စပ်တလျှောက်တွင် မှီတင်းနေထိုင်ကြသည့် ပြည်သူအများ ကြီးမားသည့် အန္တရာယ် ဖြစ်ပေါ်စေနိုင်သည်ကို အသားပေး တင်ပြလိုပါသည်။ စစ်ကောင်စီက နိုင်ငံတော်အာဏာသိမ်းယူပြီးနောက် စကစ အနေဖြင့် ‘ဝ’ တပ်ဖွဲ့ UWSA နှင့် နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သည့်အတွက် ဤစက်ရုံများ တည်ဆောက်ခွင့်ပေးခြင်းဖြစ်ပြီး ထိခိုက်နစ်နာနိုင်သည့် အလျှော့ပေး လိုက်လျောခြင်း၏ အစပင်ရှိသေးသည်ဟု ကျွန်ုပ်တို့ စိုးရိမ်ပါသည်။

ထို့ကြောင့် နမ့်ပုတ်မြစ်ချောင်း ချိုင့်ဝှမ်းတလျှောက်တွင် မှီတင်းနေထိုင်ကြသည့် ပြည်သူအများသည် ကျွန်ုပ်တို့ ညီတူညီမျှပိုင်ဆိုင်သည့် ပတ်ဝန်းကျင်ကို ကာကွယ်ရာလှုပ်ရှားမှု၌ အတူတကွ ပါဝင်ဆင်နွှဲ ပူးပေါင်းကူညီ ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

တာချီလိတ်စက်မှုဇုံအတွင်း၌ UWSA ၏ စီမံကိန်းချထားသော စက်ရုံတည်နေရာ



## နမ့်ဟုတ်မြစ်ဝှမ်းအတွင်း ရော်ဘာစိုက်ခင်းနှင့် မန်းဂနိစ်သတ္တုတွင်းကို ဖော်ပြသည့်မြေပုံ



# တာချီလိတ်မြို့နယ် ပောင်လိတ် ကျေးရွာသူ/သားများ၏ လယ်ယာမြေများ သိမ်းယူမှု ဖြစ်စဉ်ပြ မှတ်တမ်းဇယား

| ရက်စွဲ | အကြောင်းအရာ |
|---|---|
| 1998-1999 | နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) လက်ထက်က မြန်မာစစ်တပ် အကြီးအကဲများသည် တာချီလိတ်မြို့ အရှေ့ဘက် 5 ကီလိုမီတာ အကွာအဝေးရှိ ဧကပေါင်း 601.54 ရှိ လယ်ယာမြေများကို စက်မှုဇုန်အဖြစ် အတင်းအဓမ္မ သိမ်းယူခဲ့သည်။ ထိုစဉ်က နအဖ ခရိုင်အုပ်ချုပ်ရေးမှူးမှာ ဗိုလ်မှူး ဖေသိန်း ဖြစ်သည်။ အချို့သော လယ်သမားများသည် သူတို့နဂိုပိုင်ဆိုင်သည့် လယ် ယာမြေပေါ်တွင် ထွက်ယက်စိုက်ပျိုးခြင်းများ မလုပ်ရဲကြတော့ပါ။ အချို့ကတော့ ဖြင့် အခြားရွေးစရာ စိုက်ပျိုးရာမြေယာ မရှိသည့်အတွက် ဆက်လက်လုပ်ကိုင်လျက်ရှိသည်။ |
| 2000 | စက်မှုဇုန်၏ အနောက်ဘက်ဒေါင့် ဧက 100 အကျယ်အဝန်းရှိ လယ်ယာမြေများကို အကွက်ချပြီး ရင်းနှီးမြှုပ်နှံသူများထံ အထူးအားဖြင့် တရုတ်နှင့် 'ဝ' တို့အား ရောင်း ချပေးသည်။ တာချီလိတ် အာဏာပိုင်များက မြို့တွင်းရှိ ကားဝပ်ရှော့တို့အားလုံး စက်မှု ဇုန်သို့ ပြောင်းရွှေ့စေခဲ့ပြီး စီးပွါးရေးလုပ်ငန်းများ အချို့လည်း စတင်လည်ပတ်ခဲ့သည်။ ကျန်ရှိသည့် မြေဧက 500ကိုတော့အသုံးပြုခြင်းမရှိသည့်အတွက်ကြောင့်အချို့သော လယ်သမား များက ပိုင်ဆိုင်သည့် မြေယာများ အလိုက် နဂိုအတိုင်း ထွန်ယက် စိုက် ပျိုးလျက်ရှိသည်။ |
| 27 ဇူလိုင်လ 2001 | စက်မှုဇုန်၏ ဧက 100 အကျယ်အဝန်းရှိ လယ်ယာမြေများကို ဟုန်ပန်းကုမ္ပဏီအား ပလတ်စတစ်ပိုက်စက်ရုံ နှင့် တိရိစ္ဆာန်အစာ လုပ်ငန်းစက်ရုံ တည်ဆောက်ရန် ခွင့်ပြုပေးခဲ့သည်။ သို့သော်လည်းပဲ ဟုန်ပန်းကုမ္ပဏီက ဧက 11.16 အကွက်ကိုသာ ဝက်ကြက်မွေးမြူရေး လုပ်ငန်းအတွက် အသုံးပြုခဲ့ပြီး ကျန်ရှိသည့် မြေကိုတော့ အသုံးပြုခြင်း မရှိသည့်အတွက် လယ်သမားများက ဆက်လက်အသုံးပြုသည်။ |
| မေလ 2011 | ဟုန်ပန်းကုမ္ပဏီက 2001ခုနှစ်တွင် သူတို့အားပေးထားသည့်မြေယာဧက 100အကွက်ကိုခြံစည်းရိုးခတ်ရန် ကြိုးစားခဲ့သော်လည်း လယ်သမားများက ဆန့်ကျင်ခဲ့ကြသည်။ တဖက်တွင်လည်း သူတို့မြေယာများ ပြန်လည်ရရှိရေးအတွက် အစိုးရအား တရားဝင် မေတ္တာရပ်ခံခဲ့သည်။ |

| | |
|---|---|
| 2012 | ဒေသခံ လယ်သမား များက စက်မှုဇုန်မှ ၎င်းတို့မြေယာများ ပြန်ပေးရန် တာချီလိတ် မြို့နယ် မြေယာအရာရှိများထံ စာရေး တောင်းဆိုသည်။ အကြောင်းပြန်ကြားခြင်း မရှိခဲ့ပါ။ လယ်သမား များက သူတို့လုပ်နေကြ မြေယာတွင် စိုက်ပျိုးထွန် ယက်ကြ သည်။ |
| ဇွန်လ 2013 | 16 ဇွန်လ 2013 ရက်နေ့တွင် စက်မှုဇုန်အတွင်း (လယ်သမားတို့ပိုင် မြေယာပေါ်တွင်) တည်ဆောက်ထားသည့် အိမ်တလုံး ဟုန်ပန်းကုမ္ပဏီ က မြေတူးစက်ဖြင့် ဖျက်ဆီးခဲ့သည်။ ထိုနေရာတွင် သဲတူးဖော်ရေး လုပ်ငန်း လုပ်ကိုင်လျက်ရှိ အိမ်ရှင် စိုင်းဝန်းကျော်သည် အာဏာပိုင် များထံ လုပ်ပိုင်ခွင့်ရရှိထားသည်။ ဟုန်ပန်းကုမ္ပဏီ အား တရားစွဲဆိုရန် ခြိမ်းခြောက်လိုက်ခြင်းကြောင့် ဇွန်လ 18 နေ့တွင် စိုင်းဝန်း ကျော် က မော်တော်ဆိုင်ကယ်ဖြင့် ဟောင်လိတ်တွင် သွားနေစဉ် သေနတ် ဖြင့် ခေါင်းအပစ်ခံရကာ သေဆုံးသွားသည်။ မော်တော်ဆိုင်ကယ်ဖြင့် ထွက်ပြေးလွတ် မြောက်သွားသည့် သေနတ်လူသတ်သမားသည် 'ဝ' တပ်ဖွဲ့မှ ငှါးရမ်းထားသူ ဖြစ် နိုင်ကြောင်း ယူဆရသည်။ |
| 2013 | သူတို့ပိုင်ဆိုင်သည့် လယ်ယာမြေများ ပြန်လည်ရရှိရေး လယ်ယာ ဦးကြီးများ အချို့သည် နေပြည်တော်သို့ သွားရောက်ကာ အစိုးရအား မေတ္တာရပ်ခံခဲ့သည်။ |
| 7 ဩဂုတ်လ 2015 | သမ္မတ ဦးသိန်းစိန်လက်ထက် ရှမ်းပြည်အစိုးရ က ဟောင်လိတ်ကျေးရွာ တွင် လယ်ယာမြေ သိမ်းမှုပြဿနာ စုံစမ်းစစ်ဆေးရန် လယ်ယာမြေစီမံ ခန့်ခွဲရေးကော်မီတီ အား ညွှန်ကြားသည်။ |
| 2015 နှစ်ကုန်ပိုင်း | လယ်ယာဦးကြီးများက သူတို့လယ်ယာမြေများ ပြန်လည်ပေးအပ် ရန် နိုင်ငံတော် အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ထံ မေတ္တာရပ်ခံ စာ ပေးပို့သည်။ |
| 31 ဒီဇင်ဘာလ 2015 | တာချီလိတ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးကော်မီတီက ရှမ်းပြည် နယ် လယ်ယာမြေစီမံခန့်ခွဲရေးကော်မီတီထံ လယ်မြေအသိမ်းခံရသည့် လယ်ယာဦးကြီးများအတွက် နစ်နာကြေး (သို့) လယ်ယာမြေအစားထိုး ပေးခြင်း မရှိကြောင်း ထုတ်ပြန်သည်။ |
| 2016 | လယ်ယာဦးကြီးများကိုယ်စားအချို့က ၎င်းတို့လယ်ယာမြေများ ပြန်ရရှိ ရေး နေပြည်တော်သို့ သွားရောက်၍ မေတ္တာရပ်ခံစာ ပေးအပ်ခဲ့သည်။ |
| 2017 | တာချီလိတ်မြို့နယ် မဲဆန္ဒနယ်မြေ NLD အမတ်တဦးသည် လယ်ယာ ဦးကြီးများအား သွားရောက်တွေ့ဆုံပြီး မြေယာများ ပြန်လည်ရရှိရန် အ စိုးရထံတင်ပြရာ၌ ကူညီဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ပြောသည်။ |




*မြေယာများဆုံးရှုံးသည့် ဟောင်လိတ်လယ်သမားတချို့*



*လွိုင်ဆမ်ဆောင်းကုမ္ပဏီမှ လာရောက်စိုက်ထူထားသော ခြံစည်းရိုး*

| | |
|---|---|
| 3 မတ်လ 2018 | ရုံးခွဲတခု ဖွင့်လှစ်ရန် NLD အမတ်ကိုယ်စားလှယ်များ တာချီလိတ်သို့ အလည်အပတ် ရောက်ရှိစဉ် လယ်ယာဦးကြီးများက လယ်ယာမြေများ ပြန်လည်ရရှိရေး တောင်းဆိုခဲ့သည်။ |
| 21 မေလ 2018 | လယ်ယာဦးကြီးများ 137 ဦးတို့က သူတို့လယ်ယာမြေများ ပြန်လည်ပေးအပ်ရန် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မေတ္တာရပ်ခံစာ ပေးပို့သည်။ |
| အောက်တိုဘာလ 2018 | လယ်ယာဦးကြီးများက သူတို့လယ်ယာမြေများ ပြန်လည်ပေးအပ်ရန် မေတ္တာရပ်ခံစာ ပေးပို့သည်။ အကြောင်းပြန်ကြားခြင်း မရှိပါ။ |
| ဒီဇင်ဘာလ 2018 | လယ်ယာဦးကြီးများက သူတို့လယ်ယာမြေများ ပြန်လည်ပေးအပ်ရန် မေတ္တာရပ်ခံစာနောက်ထပ်ပေးပို့သည်။အကြောင်းပြန်ကြားခြင်းမရှိပါ။ |
| 3 ဒီဇင်ဘာလ 2018 | တာချီလိတ်သို့ အလည်အပတ်ရောက်လာသော ရှမ်းပြည်နယ် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးလွင်သည် လယ်ယာဦးကြီးများအား လယ်ယာမြေများ ပြန်ပေးရန် ဝန်ခံခဲ့သည်။ |
| 2019 နှစ်ဦးပိုင်း | တာချီလိတ်မြို့နယ် မြေယာများဆိုင်ရာ အရာရှိက လယ်ယာဦးကြီးများအား တွေ့ဆုံပြီး လယ်ယာမြေများ ပြန်လည်ပေးအပ်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ရောင်းချပြီးသော မြေယာများကိုလည်း နစ်နာကြေးပေးအပ်သွားမည်ဟု နှုတ်ဖြင့် ဝန်ခံကတိပေးခဲ့သည်။ 2019 ခုနှစ် ဇွန်လမတိုင်ခင် ပြီးစီးစေရမည်ဟု ပါရှိသည်။ |
| 5 စက်တင်ဘာလ 2019 | ရှမ်းပြည်နယ်အစိုးရ က ဟုန်ပန်းကုမ္ပဏီစု၏ လက်အောက်ခံ လွိုင်ဆမ်ဆောင်း ကုမ္ပဏီအား ရော်ဘာသန့်စင်စက် (Rubber crumb)နှင့် မန်းဂနိစ် သန့်စင်စက် စက်ရုံ ၂ ခု တည်ဆောက်ရန် 2001 က ခွင့်ပြုခဲ့သည့် ဧက 100 အကျယ်အဝန်းရှိ လယ်ယာမြေတွင် ခွင့်ပြုခဲ့သည်။ |
| 19 စက်တင်ဘာလ 2019 | လယ်သမား 67 ဦးတို့ သီးနှံစိုက်မျိုးရာ လယ်ယာမြေပေါ်တွင် လွိုင်ဆမ်ဆောင်း ကုမ္ပဏီက စက်ရုံတည်ဆောက်ရန် ခွင့်ပြုချက်ပေးထားသောမြေယာများ ပတ်ပတ် လည်တွင် အလံများ စိုက်ထူထားသည်။ |
| 24 အောက်တိုဘာလ 2019 | "မကျူးကျော်ရ" ဆိုသည့် ဆိုင်းဘုတ်များ လယ်ယာမြေ ပတ်ပတ် လည်တွင် လွိုင် ဆမ်ဆောင်းကုမ္ပဏီက စိုက်ထူထားသည်။ |
| 26 အောက်တိုဘာလ 2019 | လွိုင်ဆမ်ဆောင်းကုမ္ပဏီ လုပ်သားများက ခြံခတ်ဖို့ ပြင်ဆင်ကြသော်လည်း လယ်သမားများက ဆန့်ကျင်ကန့်ကွက်သောကြောင့် ရပ်ဆိုင်းခဲ့ရသည်။ |

## တာချီလိတ်စက်မှုဇုံ၏ အချိန်ကာလအလိုက်တွေ့မြင်ရသောပုံ



| | |
|---|---|
| 19 နိုဝင်ဘာလ 2019 | ဟောင်လိတ်လယယာသမားများ ကိုယ်စားလှယ်အဖွဲ့က ရှမ်းတိုင်းရင်းသားများ ဒီမိုက ရေစီ အဖွဲ့ချုပ် တောင်ကြီးရုံးခွဲတွင် SNLD အမတ်ဖြစ်သူ စိုင်းလင်းမြတ်အား မေတ္တာရပ်ခံစာ ပေးအပ်ခဲ့သည်။ ယင်းစာကို နိုင်ငံတော်ဝန်ကြီးများအားလုံး ပေးအပ်သွားမည်ဖြစ်ကြောင်း SNLD အမတ်က ဆိုပါသည်။ ၎င်းစာမိတ္တူကိုလည်း တာချီလိတ် မြို့နယ်ရှိ အစိုးရရုံးများအားလုံးထံသို့ ပေးပို့ထားသော်လည်း တစုံတရာ အကြောင်းပြန်ကြားခြင်း မရှိပေ။ |
| နိုဝင်ဘာလ 2019 | လယ်ယာဦးကြီးများ တောင်ကြီးမှ ပြန်ရောက်လာပြီးနောက် လွိုင်ဆမ်ဆောင်းကုမ္ပဏီက ခြံခတ်ရန် တဖန်ကြိုးစားပြန်သည်။ ဒီတခါတော့ လယ်သမားများက ဓားများကိုင်ဆောင်လာပြီး ခြံခတ်နေသူများကို တားဆီးသည်။ ကုမ္ပဏီကလည်း တာချီလိတ်မြို့နယ်ရှိ ခရိုင်အဆင့် နှင့် မြို့နယ်အဆင့် စည်ပင်ရုံးများသို့ တိုင်တန်းစာပို့သည်။ လယ်သမားခေါင်းဆောင် ၄ ဦး (အမျိုးသား ၃၊ အမျိုးသမီး ၁) တို့အား ဥပဒေ ပုဒ်မ 427 (ပျက်စီးစေလိုမှု)၊ 447 (ကျူးကျော်မှု)၊ နှင့် 506 (ခြိမ်းခြောက်မှု) တို့ဖြင့် တရားစွဲ ထားသည်။ |
| 20 ဖေဖော်ဝါရီလ 2020 | လွိုင်ဆမ်ဆောင်းကုမ္ပဏီက ဘူဒိုဇာ ယူဆောင်လာပြီး မြေညှိနေလေရာ ရွာသားများ က တားဆီးခဲ့ကြသည်။ |
| 18 မတလ် 2020 | လယ်ယာဦးကြီးများက နိုင်ငံတော် အတိုင်ပင်ခံရုံးသို့ မေတ္တာရပ်ခံစာ ပေးပို့သည်။ |
| ဧပြီ 2020 | ခရိုင် နှင့် မြို့နယ် စည်ပင် အရာရှိများသည် NLD အမတ်များအပါအဝင် ရွာသားများကို ဟောင်လိတ်ဘုန်းကြီးကျောင်းသို့သွားရောက်တွေ့ဆုံရန် အစီးအဝေးခေါ်သည်။ မြေပုံနှင့်သေသေချာချာ ရှင်းပြရာတွင် လယ်ယာမြေ 317 ဧက ကို ရွာသားများအား ပြန်လွှဲပေးမည်ဖြစ်ကြောင်း ပြောဆိုသည်။ ရွာသားများလည်း အတိုင်းထက်အလွန် ပျော်မြူးကြလေသည်။ |
| ဧပြီလ - မေလ 2020 | အစိုးရမြေယာတိုင်းထွာရေးအဖွဲ့ ရောက်ရှိလာပြီး စက်မှုဇုန်မှ လယ်ယာမြေများအား တိုင်းထွာလေရာ ခမ်းခြောက်သည့် နွေရာသီကြောင့် စပါးနှင့်သီးနှံများ စိုက်ပျိုးထားခြင်း မရှိပါ။ ဤမြေနေရာသည် မြေလွတ်မြေယိုင်းဖြစ်ကြောင်း မြေယာ တိုင်းထွာရေးအဖွဲ့က မှတ်ချက်ချသည်။ မြေယာ တိုင်းထွာရေးအဖွဲ့က ဆက်ပြောသည်မှာ ဒေသခံ လယ်သမားများက 34 ဧက မြေယာအတွက် လွိုင်ဆမ်ဆောင်းကုမ္ပဏီထံမှ နစ်နာကြေးရယူရန် သဘောတူထားပြီး ဖြစ်ကြောင်း ဆိုသည်။ ဒီပြောဆိုချက်သည် မဟုတ်မမှန်ကြောင်း လယ်ယာဦးကြီးများက ဆိုပါသည်။ |

| | |
|---|---|
| နိုဝင်ဘာလ 2020 | လွိုင်ဆမ်ဆောင်းကုမ္ပဏီက ခြံစည်းရိုးခတ်ရန် နောက်ထပ်ရောက်လာသည်၊ ရွာသားများလည်း ပိတ်ဆို့တားဆီးပြန်သည်။ ရွာသားများက ဒေသဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးရုံး နှင့် မြို့နယ်စည်ပင်သာယာရုံး ၂ ခေါက်တိုင်တန်းခဲ့သည်။ အာဏာပိုင်တို့ တုန့်ပြန် သည်မှာ - "လယ်ယာမြေများအာလုံး အကွက်တွေချပြီး ရောင်းမည်၊ အချို့အကွက်တွေကိုတော့ လယ်သမားများအား ကံစမ်းမဲစနစ်နဲ့ ပြန်လည်ချပေးမည်။" |
| 8 ဧပြီလ 2021 | တာချီလိတ်မြို့နယ် တရားရုံးက လယ်သမား ၄ ယောက်အား တရားကြောင်းအရ စွဲဆိုထားချက်ကို သက်သေခိုင်လုံမှု မရှိသည့်အတွက်ကြောင့် ပယ်ချသည်။ |
| 6 မေလလ 2021 | မနက် 10.30 – 11.00 နရီ အချိန်တွင် လွိုင်ဆမ်ဆောင်းကုမ္ပဏီက ဘူဒိုဇာ ၂ စီးနှင့် ရောက်လာပြီး မြေညှိရန် စတင်နေလေသည်။ ဟောင်လိတ်ဘုန်းကြီးကျောင်းမှဆရာတော်များကရွာသားများပိုင်သည့်လယ်ယာမြေများ ဖြစ်ကြောင်း ရပ်တန့်စေခဲ့သည်။ ဘူဒိုဇာ ကိုလည်း မြေယာအတွင်းမှ ပြန်ရုတ်သိမ်းသွားသည်။ |
| 8 မေလ 2021 | နေ့လည်ပိုင်းအချိန်တွင် ရဲတပ်ဖွဲ့များက ဟောင်လိတ်ဘုန်းကြီးကျောင်းသို့ရောက်လာပြီးဆရာတော်အားတင်လျှောက်ရာတွင် "နောက်နေ့တွေမှာ သူတို့လာပြီး လွိုင်ဆမ်ဆောင်းကုမ္ပဏီအတွက် လုံခြုံရေး ယူပေးမည်၊ ရွာသားများ အယောက် 30 ထက် စုရုံးမနေကြရန်နှင့် သို့မဟုတ်ပါက ကိုဗစ် ကာကွယ်ရေး စည်းမျည်းအရ ဖမ်းဆီး ခံရမည် ဖြစ်ကြောင်း" ဆိုသည်။ |
| 9 မေလ 2021 | မနက် 9.30 အချိန်တွင် လွိုင်ဆမ်ဆောင်းကုမ္ပဏီက ခြံစည်းရိုးခတ်ရန် လုံခြုံရေးရဲအဖွဲ့ သားများနှင့် ရောက်လာသည်။ အယောက် 30 ထက်နည်းသည့် ရွာသားများ ရောက် လာပြီး တားဆီးသည်။ လုံခြုံရေးရဲအဖွဲ့က ဓာတ်ပုံ မရိုက်ရ၊ ရိုက်လျှင် ဖုန်းသိမ်းခံရမည်ဟု ချိန်းခြောက်သည်။ လုံခြုံရေးရဲအဖွဲ့ ကိုယ်တိုင်တော့ ရွာသားများ၏ ဓာတ်ပုံရိုက် ထားကြသည်။ ကုမ္ပဏီက ခြံခတ်စဉ် 10 မီတာ အရောက်မှာ ရွာသားများက ဖျက်ဆီး ပစ်ကြသည်။ လုပ်ရင်း ဖျက်ရင်းနဲ့ ညနေစောင်း 5.00 နာရီထိပင် ရောက်လာသည်။ ဖျက်ဆီးထားသည့် စည်းရိုးများကို လုံခြုံရေးရဲအဖွဲ့က ဓာတ်ပုံရိုက်ထားသည်။ ဆောက် လုပ်ရေးဆိုင်ရာ ပစ္စည်းများ မထိရ-ဟု ဒေသဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထံသို့ လည်း သွားရောက်အကြောင်းထားသည်။ ပျောက်ဆုံးခြင်း (သို့) ဖျက်ဆီး ခြင်းများ ပြုလုပ်ပါက ကျေးရွာသားများအား အရေးယူမည့် အကြောင်းလည်း ပြော ကြား သည်။ |

| | |
|---|---|
| 10 မေလ 2021 | လယ်ယာဦးကြီးများက ရှမ်းပြည်နယ် နစကဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းထံသို့ ကုမ္ပဏီမှ လယ်ယာမြေများ ရယူခြင်းအား ရပ်တန့်ပေးရန်နှင့် ပြန်လည်ပေးအပ်ရန် အကူအညီ မေတ္တာရပ်ခံစာ ပေးပို့သည်။ |
| 18 မေလ 2021 | လွိုင်ဆမ်ဆောင်းကုမ္ပဏီက လုပ်သားများ ညအချိန်တွင် ရောက်လာပြီး လယ်ယာမြေအားခြံခတ်သည်။လယ်သမားများလာရောက်ကြည့်ရှုလျှင် သေနတ် ၂ ချက် ပစ် ဖေါက် ကာ ခြိမ်းခြောက်သည်။ |
| 24 မေလ 2021 | တာချီလိတ်မြို့နယ် ဆန်ဆိုင်းရပ်ကွက်တွင်နေထိုင်သူ စစ်မှုထမ်းဟောင်း ဘုန်းနိုင်ဝင်း ဆိုသူသည် လွိုင်ဆမ်ဆောင်းကုမ္ပဏီ အတွက် ပွဲစားဆောင်ရွက်ပေးသူဖြစ်သည်။ ဟောင်လိတ်ကျောင်းထိုင်ဆရာတော်သည် ရွာသားများက စည်းရိုးများ ဖျက်ဆီးရာတွင်ရွာသားများဘက် ဦးဆောင်သူအဖြစ် လိုက်ပါလုပ်ဆောင်နေကြောင်း လုံခြုံရေးရဲဌာန နှင့် မြို့နယ်သံဃနာယကထံ တိုင်ကြားထားသည်။ |
| 28 မေလ 2021 | မနက် 10.00 နာရီခန့်တွင် ဒေသခံဘုန်းကြီးများဦးဆောင်ပြီး ကုမ္ပဏီက ညတွင်းချင်း လူမသိအောင် စိုက်ထူထားသော စည်းရိုးများကို ဖျက်ဆီးခဲ့ကြသည်။ |
| 28 မေလ 2021 | နေ့လည် 1.00 – 4.00 နာရီ အချိန်တွင် ဟောင်လိတ်ဆရာတော် နှင့် အတူ ရဟန်း ၃ ပါး၊ ရွာသား ၄ ယောက်တို့ ဝပ်ဆန်ဆိုင်းကျောင်းတိုက်သို့ တရားရေးဆိုင်ရာ ကြားနာရန် သွားရောက်ခဲ့သော်လည်း ကုမ္ပဏီဘက်ကကိုယ်စားလှယ်များ ရောက်လာခြင်းမရှိပါ။ ယင်းကြားနာပွဲတွင် တာချီလိတ်မြို့နယ် သံဃနာယက-က ဆောင်ရွက်ပါသည်။ ဟောင်လိတ်ဆရာတော်အား ကုမ္ပဏီကိုဆန့်ကျင်ရာဆန့်ကျင်ကြောင်း မပြုလုပ်ရန် တရားဝင် သတိပေးသည်။ |
| 30 မေလ 2021 | ညနေ 8.00 နာရီအချိန်မှစ၍ လွိုင်ဆမ်ဆောင်းကုမ္ပဏီက သံချောင်းသံတိုင်များ အသုံးပြုကာ မီတာ 150 ခန့် ရှည်လျားသည့် ကွန်ကရစ် စည်းရိုးတိုင်များ စိုက်ထူသည်။ စည်းရိုးနားကပ်လာရန် ခက်ခဲအောင် ယင်းစည်းရိုးတလျှောက် ဘေးနှစ်ဘက်တွင်လည်း ရေမြောင်းတူးထားသည်။ |
| 31 မေလ 2021 | မနက် 9.00 နာရီအချိန်တွင် ကျေးရွာလယ်သမားများက ယမန်နေ့ညက စိုက်ထူထား သော စည်းရိုးတိုင်များ ဖျက်ဆီးပစ်ကြသည်။ |

| | |
|---|---|
| 2 ဇွန်လ 2021 | လယ်သမားများက သူတို့ပိုင်ဆိုင်ရာ မြေယာကို စည်းရိုးစိုက်ထူကြသည်။ ညရောက်လျှင်ပင် ကုမ္ပဏီ အလုပ်သမားများက ၎င်းလယ်သမားများ ခတ်ထားသည့် စည်းရိုးများကို ဖျက်ဆီးပြီး တဲနှစ်လုံးကိုလည်း မီးရှို့ဖျက်ဆီးသည်။ ဟောင်လိတ်ဆရာတော်က တောင်ကြီးသို့ သွားရောက်ကာ သက်ဆိုင်ရာ USDP လူ ကြီးများနှင့် မြေယာကိစ္စအတွက် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း အရာမထင်ခဲ့ပါ။ |
| 3-30 ဇွန်လ 2021 | ကုမ္ပဏီက ခြံစည်းရိုးများ စိုက်ထူခြင်း၊ ဘူဒိုဇာဖြင့် မြေများညှိခြင်းစသည့်ဆောက် လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေခဲ့သည်။ လယ်သမားများက စိုက်ထူထားသည့် စည်းရိုးတိုင်များအား သူတို့တတ်နိုင်သလောက် ဖျက်ဆီးနုတ်ပစ်ကြသည်။ |
| 1 ဇူလိုင်လ 2021 | ညနေ 8.00 နာရီအချိန်၊ ကုမ္ပဏီလုပ်သားများက ခြံစည်းရိုးခတ်ရန် ရောက်လာကြပြီး လယ်သမားများ စိုက်ပျိုးထားသည့် စပါးပျိုးခင်းများ ပက်ဖျန်းရန်အတွက် ဘက်ထရီလျှပ်စစ်အိုးများလည်း ပါလာသည်။ ကံအားလျော်စွာ လယ်သမားများက စိုက်ခင်းထဲ လုပ်နေစဉ်ရောက်လာတာကြောင့် ကုမ္ပဏီလုပ်သားများအား တားဆီးနိုင်ခဲ့သည်။ ကုမ္ပဏီ လုပ်သားတို့က ထွက်ပြေးရင်း ပါလာသည့် ရိုင်ဖယ်သေနတ်တလက် ကျကျန် ခဲ့သည်။ လယ်သမားများက ၎င်းရိုင်ဖယ်ကို အုပ်ချုပ်ရေးမှူး အရာရှိများထံ အပ်နှံသော် လည်း အရေးယူခြင်း တစုံတရာ မရှိပါ။ |
| 2 ဇူလိုင်လ – ဩဂုတ်လလယ် 2021 | ဤအတောအတွင်းကုမ္ပဏီလုပ်သားများစိုက်ခင်းများရှိရာမြေယာဒေသသို့ ရောက် လာခြင်းမရှိပါ။ လယ်သမားများက ကိုဗစ် လော့ဒေါင်း ကာလဖြစ်တာကြောင့် မလာ တာ ဖြစ်နိုင်ကြောင်း ထင်ကြေးပေးကြသည်။ |



လွိုင်ဆမ်ဆောင်းကုမ္ပဏီမှ စိုက်ထူထားသောခြံစည်းရိုးအား ဖျက်ဆီးနေတဲ့ရွာသားတွေကို စောင့်ကြည့်နေတဲ့ငှင်းကုမ္ပဏီမန်နေဂျာကို လုံခြုံရေးပေးနေသည့်ရဲများ



လွိုင်ဆမ်ဆောင်းကုမ္ပဏီစိုက်ထူထားသော ခြံစည်းရိုးကို ဖျက်ဆီးနေသည့်ရွာသားများ

# တာချီလိတ် ဟုန်ပန်းကုမ္ပဏီ လုပ်ဆောင်ချက်များ နောက်ခံသမိုင်း

ဟုန်ပန်းကုမ္ပဏီကို 1997[1]ခုနှစ်တွင် ရှမ်းပြည်တောင်ပိုင်း UWSA ‘ဝ’ တပ်ဖွဲ့၏ 171 တပ်ရင်းမှူး တရုတ်နွယ်ဖွား ဝေရှောက်ကန်း (Wei Hsueh-Kang) က တည်ထောင်ခဲ့သည်။ အရင်က မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်ရေးကိုသာ အဓိကအားထားရသည့် ‘ဝ’တပ်ဖွဲ့၏ စီးပွါးရေးကဏ္ဍတွင်ဟုန်ပန်းကို တရားဝင် မျက်နှာ စာ အဖြစ် အသုံးပြုသည်။ ဟုန်ပန်းကုမ္ပဏီသည် ဆောက်လုပ်ရေး တူးဖေါ်ရေး စိုက်ပျိုးရေး စသည်ဖြင့် ကဏ္ဍပေါင်းစုံမှ ပါဝင်လုပ်ဆောင်လာသဖြင့် ကြီးမားသည့် စီးပွါးရေး အုပ်စုကြီးဖြစ်လာသည်။ ဟုန်ပန်းကုမ္ပဏီ၏ ငွေမဲခဝါချလုပ်ငန်း၌ မြန်မာစစ်တပ်အနေဖြင့် မျက်ကွယ်ပြုခဲ့သည်။ ‘ဝ’ တပ်ဖွဲ့က အင်အား ကြီးထွားလာတာကြောင့် အဓိကစိုးရိမ်ရတာဖြစ်ပြီး အပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ်ဖြင့် ချုပ်နှောင်ထားကာ ရှမ်းပြည်တောင်ပိုင်းတွင် လှုပ်ရှားနေသည့် ရှမ်းတော်လှန်ရေးအင်အားစုကို ဆန့်ကျင်ဟန့်တားရန် လည်းဖြစ်သည်။


UWSA ‘ဝ’ တပ်ဖွဲ့သည် 1996 တွင် လက်နက်ချခဲ့သည့် ရှမ်းပြည်တပ်မတော် ခေါ် Mong Tai Army (MTA) နှင့် ဆင်နွှဲခဲ့သည် တိုက်ပွဲကြောင့် 1997 ခုနှစ် ကတည်းက ရှမ်း-ထိုင်း နယ်စပ်ဒေသတွင် မြန်မာစစ်တပ်က ပေးထားသည့် အခြေစိုက်နယ်မြေ အတော်အတန် ရရှိနေပြီးဖြစ်သည်။ တောင်ပိုင်း UWSA ‘ဝ’ တပ်ဖွဲ့၏ ပင်မ ဌာနချုပ်မှာ မိုင်းဆတ်တောင်ဘက် မိုင်းယောင်းဒေသတွင် ဖြစ်သည်။ ဝေရှောက်ကန်း ဦးစီးသည့် 171 တပ်ရင်းမှာ မိုင်းဆတ်မြို့ အရှေ့တောင်ဘက် 10 ကီလိုမီတာ အကွာ ဝမ်ဟုန်းတွင်တည်ရှိသည်။ ဟုန်ပန်းကုမ္ပဏီက ရှမ်းပြည်တောင်ပိုင်းတွင် စတင်ခဲ့သည့် စီးပွါးရေးလုပ်ငန်းများမှာ ရောင်းဝယ်ရေး စိုက်ပျိုးရေး မွေးမြူရေး နှင့် ဆောက်လုပ်ရေး တို့ဖြစ်သည်။

ရှမ်းပြည်မြောက်ပိုင်းမှ ထိုင်းနယ်စပ်သို့ ‘ဝ’ ရွာသားများအား အစုလိုက် အပြုံလိုက် ရွှေ့ပြောင်းလာခြင်း၏ ရည် ရွယ်ချက်မှာ 1999 နှစ်ကုန်ပိုင်းအရောက်တွင် ပိုမိုထင်ရှားလာသည်။ UWSA ‘ဝ’ တပ်ဖွဲ့သည် ရှမ်းပြည် တောင်ပိုင်းသို့ နယ်မြေချဲ့ထွင်လာခြင်းပင် ဖြစ်သည်။ 2001 ခုနှစ်နှောင်း အထိ လူဦးရေ 126,000 ယောက် မြန်မာနိုင်ငံရှိ ‘ဝ’ လူမျိုးလူဦးရေ ၄ ပုံ ၁ ပုံ ကို မိုင်းဆတ် နှင့် မိုင်းတုံ ဒေသတွင် အဓိက နေရာချထားပေးသည်။ တာချီလိတ်မြို့နယ် ကျိုင်းလပ်ဒေသ မဲခေါင်မြစ်ဝှမ်းတလျှောက် ဝေရှောက်ကန်း ထိန်းချုပ်ရာ နယ်မြေ တွင်လည်း ‘ဝ’ လူဦးရေ 3,400 ကျော် ရွှေ့ပြောင်းခဲ့သည်။[2] တချို့ဆိုလျှင် တာချီလိတ်မြို့တွင်းအထိ ဦးသိန်းစိန် ရွှေတြိဂံတိုင်းမှူးဖြစ်စဉ်က ဒေသခံလယ်ယာဦးကြီးများပိုင် လယ်ယာ မြေများကို အဓမ္မသိမ်းယူထားပြီး UWSA ‘ဝ’ တပ်ဖွဲ့အား ပေးခဲ့သည့်နေရာတွင် နေရာချထား ပေးခဲ့သည်။ ထိုစဉ်က တရားမဝင်မူးယစ်ဆေးဝါးများ ပေါ်တင်တမျိုး လျှို့ဝှက်တဖုံ ထုတ်လုပ်နေသည့် နေရာလည်း ဖြစ်သည်။[3]


2001 ခုနှစ်တွင် ပြီးစီးသည့် 102 မိုင်ခရီးရှည်လျားသည့် တာချီလိတ်-ကျိုင်းတုံ ကားလမ်း

ဆောက်လုပ်ရေး စသည့် စီးပွါးရေးဆိုင်ရာ ခွင့်ပြုချက်အပါအဝင် ဟုန်ပန်းကုမ္ပဏီအား စီးပွါးရေး ခွင့်ပြုချက် အများအပြား ပေးခဲ့သည်။

ဟုန်ပန်းကုမ္ပဏီအား BOT သဘောတူစာချုပ် အပါအဝင် 2001 ခုနှစ်တွင် ပြီးစီးသည့် 102 မိုင် ခရီးရှည်လျားသည့် တာချီလိတ်-ကျိုင်းတုံ ကားလမ်း ဆောက်လုပ်ရေး စသည့် စီးပွါးရေးဆိုင်ရာ ခွင့်ပြုချက် အမြားအပြား ပေးခဲ့သည်။




*၁၉၉၉-၂၀၀၁ခုနှစ်အတွင်း ရှမ်းပြည်တောင်ပိုင်းတွင် “ဝ”လူမျိုးများအား အတင်းပြန်လည် နေရာချသည့် ဧရိယာများ (LNDOမှ ထုတ်ပြန်ထားသောမြေပုံအရ)*




*၁၉၉၉-၂၀၀၁ခုနှစ် တာချီလိတ်မြို့နယ်အတွင်း "ဝ"လူမျိုးများ ပြန်လည်နေရာချခဲ့သည့် ဧရိယာ (LNDOမှ ထုတ်ပြန်ထားသောမြေပုံအရ)*


# တာချီလိတ် ဟုန်ပန်းကျောက်မီးသွေး လျှပ်စစ်ဓာတ်အားစီမံချက်အား ထိုင်းနိုင်ငံ ပြည်သူများကန့်ကွက်

2001 ခုနှစ် မေလတွင် တာချီလိတ်၏မြောက်ဘက် ‘ဝ’ တပ်ဖွဲ့တို့ တည်ဆောက်မည့် 12 မီဂါဝပ် စွမ်းအားရှိ ရွှေတြိဂံရေအားလျှပ်စစ်ကုမ္ပဏီ အုပ်မြစ်ချ အခမ်းအနားတွင် ဗိုလ်ချုပ်ကြီးမောင်အေး ကိုယ်တိုင်လာရောက်ကာ အုပ်မြစ်ချသွားသည်ကို ကြည့်ခြင်းအားဖြင့် UWSA ‘ဝ’ တပ်ဖွဲ့နှင့် မြန်မာစစ်တပ် ဆက်ဆံရေး နွေးထွေးမှု အတိုင်းအတာကို သိသာနိုင်သည်။ သို့သော်လည်းပဲ ထိုင်းနိုင်ငံ မယ်ဆိုင် နယ်သူနယ်သားများက လေထုညစ်ညမ်းမှု စိုးရိမ်မကင်း ရှိ၍ ထိုင်းဘက်မှ ပစ္စည်းကိရိယာ နှင့် ဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းမှုကို ပိတ်ပင်လိုက်ခြင်းကြောင့် ဓာတ်အားစက်ရုံ ကိုတော့ မတည်ဆောက်နိုင်ခဲ့ပါ။ 2001 ဖေဖော်ဝါရီလအတွင်း ရှမ်းပြည်တပ်မတော် နှင့် မြန်မာအစိုးရတပ် တို့ကြား ဖြစ်ပွါးခဲ့သည့် စစ်ပွဲတွင် မြန်မာတပ်သားများ ချင်းရိုင်းခရိုင် မြောက်ပိုင်းဖက်တွင် နယ်ကျွံလာခြင်းကြောင့် နစ်ဖက်တင်းမာမှုများ ဖြစ်ခဲ့သည်။ ဤဖြစ်ရပ်တွင် ထိုင်းအစိုးရ၏ အားပေးမှုဖြင့် ဒေသခံပြည်သူများက ဓာတ်အားတည်ဆောက်ရာတွင် ကန့်ကွက်ရန် အကြောင်းဖန်လာသည်။

စီမံချက်ကျောက်မီးသွေး စွမ်းအင်ကုမ္ပဏီသည် ထိုင်းလျှပ်စစ်ကို မှီခိုအားထားနေရသည့် တာချီလိတ်တွင် နေထိုင်သူများသာ မကပဲ တာချီလိတ်လေဆိပ်အနီး ဟုန်ပန်းကုမ္ပဏီအား စက်ရုံများတည်ဆောက်ရန် ပေးထားသည့် စက်မှုဇုန်သစ် မြေဧက 100 အတွက်လည်း ရည်ရွယ်သည်။ လျှပ်စစ်ဓာတ်အား တည်ဆောက်ရေး ဖျက်သိမ်းရခြင်း၏ အကြောင်းရင်းမှာ ‘ဝ’ တပ်ဖွဲ့က စက်မှုဇုန်အတွင်း အိမ်ယာများ တည်ဆောက်ရေးတွင် နှောင့်နှေးကြံ့ကြာနေခြင်းလည်း ဖြစ်နိုင်သည်။

တချိန်တည်းမှာ နိုင်ငံတကာအသိုင်းအဝိုင်းတွင် မူးယစ်ဆေးဝါး ထုတ်လုပ်သူအဖြစ်နာမည်ပျက်စာရင်းဝင် ဖြစ်နေသည့် ဟုန်ပန်း နှင့် ဝေရှောက်ကန်းတို့ ကြီးထွားလာသည့် စီးပွါးရေးကွန်ယက်အား ကိုင်တွယ်ထိန်းချုပ်ရန် မြန်မာစစ်တပ်အပေါ် ဖိအားပေးလာခြင်းလည်းဖြစ်နိုင်သည်။ 2002 ခုနှစ် ဧပြီလတုန်းက ဗိုလ်ချုပ်ကြီးမောင်အေးသည် ထိုင်းနိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် ထိုင်းဝန်ကြီးချုပ် ထက်ဆင်ဆီနာဝပ် က ဟုန်ပန်းအား နှိမ်နင်းပေးရန် တောင်းဆိုခဲ့သည်။ ဗိုလ်ချုပ်မောင်အေး မြန်မာပြည်သို့ပြန်အရောက် နစ်ပတ်အကြာတွင် တာချီလိတ် အပါအဝင် နေရာအတော်များများတွင် ဖွင့်ထားသော ဟုန်ပန်းရုံးခွဲများ ပိတ်ပင်ခြင်းခံရသည်။[4] 2002 ခုနှစ် ဒီဇင်ဘာလထဲတွင် ဝေရှောက်ကန်း၏ ညီ ဝေရှောက်ရင် ကွပ်ကဲမှုအောက်ရှိမဲခေါင်မြစ် တလျှောက် တပ်စခန်းချထားသည့် ရာပေါင်းများစွာသော UWSA တပ်သားများအား မူးယစ်ဆေးဝါးစစ်ဆင်ရေး ခေါင်းစဉ်ဖြင့် ရုတ်သိမ်းပေးခဲ့ရပြီး၊ 2003 ခုနှစ် မတ်လပိုင်းတွင် မိုင်းဆတ် နှင့် မိုင်းတုံ အနောက်ဘက်သို့ ပြောင်းရွှေ့ခဲ့ကြသည်။[5]

သို့သော်လည်းပဲ တာချီလိတ်မြို့ အပါအဝင် ဟုန်ပန်း၏ စီးပွါးရေးလုပ်ငန်းများသည် ကုမ္ပဏီနာမည်သစ်ဖြင့် နဂိုအတိုင်း လုပ်ကိုင်လျက်ရှိသည်။



*တာချီလိတ်မြို့တွင် ကနဦးတည်ဆောက်ခဲ့သော ဟုန်ပန်းကုမ္ပဏီ၏ ကျောက်မီးသွေးသုံးဓာတ်အားပေး စက်ရုံ (ထိုင်းနိုင်ငံမန်နေဂျာသတင်းစာမှ ဖေဖော်ဝါရီ ၂၅၊ ၂၀၀၃ ထုတ်ပြန်ထားသောပုံအရ)*

## ဒဏ်ခတ်မှုကြားမှ တာချီလိတ်တွင် UWSA စီးပွါးရေးလုပ်ငန်းများ အားကောင်းနေဆဲ

2005 ခုနှစ် ဇန်နဝါရီလတွင် ဝေရှောက်ကန်း နှင့် အခြား 'ဝ' ခေါင်းဆောင် ၇ ဦးအား အမေရိကန်ပြည်ထောင်စုက တရားမဝင်မူးယစ်ဆေးဝါး ကုန်သွယ်မှုဖြင့် တရားစွဲဆိုထားသည်။ 2008 ခုနှစ် နိုဝင်ဘာလတွင် အမေရိကန် ဘဏ္ဍာရေးဌာနက ဝေရှောက်ကန်း အပါအဝင် 26 ယောက်၊ ဟုန်ပန်းနာမည်ခံ ကုမ္ပဏီ ၇ ခု၊ UWSA ဘိန်းကုန်ကူးကွန်ယက်နှင့် ဆက်စပ်သည့် ကုမ္ပဏီ 17 ခု တို့အား ဒဏ်ခတ်ပိတ်ဆို့ခြင်းခံရသည်။

ယနေ့တာချီလိတ်တွင်ရပ်တည်နေသောစီးပွါးရေးလုပ်ငန်းများအပြားသည်တနည်းမဟုတ်တနည်း UWSA နှင့် ဆက်စပ်သည့် လုပ်ငန်းများသာဖြစ်ပြီး အထူးအားဖြင့် ဟော်တယ်နှင့် ဖျော်ဖြေရေးလုပ်ငန်းများဖြစ်သည်။ နာမည်ကြီး 1G1 ဟော်တယ် ဆိုလျှင် 'ဝ' ကျောထောက်နောက်ခံရှိကြောင်း နာမည်တွင်ထင်ရှားသည်။ 'G' ဆိုသည်မှာ အင်္ဂလိပ်အက္ခရာစဉ်တွင် နံပါတ် ၇ ဖြစ်ပြီး UWSA ၏ 171 တပ်ရင်းကို ရည်ညွှန်းသည်။

2019 ခုနှစ်ကတည်းက တာချီလိတ်မြောက်ပိုင်းတွင် UWSA က 18 ထပ်ရှိ ဂျင်လုံဖိမ်ခံဟော်တယ် နှင့် ကစီနိုလောင်းကစားရုံ တည်ဆောက်လျက်ရှိသည်။ တာချီလိတ်တွင် အကြီးဆုံး ဖြစ်လိမ့်မည်။




*တာချီလိတ်တွင် UWSA စီစဉ်ထားသော ကျင်းလုံ လောင်းကစားရုံကြော်ငြာဆိုင်းဘုတ်ကြီး*

# ရှမ်းပြည်အရှေ့ပိုင်းမှ မန်းဂနိစ်တူးဖော်ရေးလုပ်ငန်းများ

မြန်မာ့သတ္တုတွင်းလုပ်ငန်းဝန်ကြီးဌာန ဝက်ဘ်ဆိုဒ်တွင် 2021 ဖေဖော်ဝါရီလ ထုတ်ကုန်အခြေပြစာရင်းတွင် ကုမ္ပဏီပေါင်း 10 ခုက မန်းဂနိစ် ဒိုင်အောက်ဆိုဒ် တူးဖော်ရေးခွင့်ပြုချက်ရထားသည်။ တနင်္သာရီတိုင်းဒေသကြီး ၁ ခု မှလွဲ၍ အားလုံးသော လုပ်ငန်းများသည် ရှမ်းပြည်အရှေ့ပိုင်းတွင်ဖြစ်သည်။

တာချီလိတ်မြို့နယ်တွင် မန်းဂနိစ်တူးဖော်ရေးလုပ်ငန်းများမှာ မြို့၏အရှေ့မြောက်ဘက် ကီလိုမီတာ 20 အကွာ မိုင်းကိုးကျေးရွာအုပ်စုတွင် ဖြစ်သည်။ ဒေသခံများ သုတေသနတွေ့ရှိချက်အရ 2007 ခုနှစ်ကတည်းကပင် လားဟူ အာခါ နှင့် ရှမ်း လူဦးရေ 2000 ခန့်သော ရွာသူ/သားများ တူးဖော်ရေးလုပ်ငန်းကြောင့် ညစ်ညမ်းမှုဒဏ်ခံစားနေရသည်။ လယ်ယာမြေများ အသိမ်းခံရခြင်း နှင့် တူးဖော်ရေးလုပ်ငန်းမှ အညစ်အကြေးများလည်း သောက်သုံးရေထဲ အဆိပ်သင့်စေခဲ့သည်။[6]

2021 ဖေဖော်ဝါရီလက ရှမ်းပြည်နယ်အရှေ့ပိုင်း မန်းဂနိစ်ဒိုင်အောက်ဆိုဒ်တူးဖော်ရန် ခွင့်ပြုမိန့်ရထားသည့် ကုမ္ပဏီ 9 ခုမှာ -

1. စိုင်းလောင်ဟိန်း သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက်
2. နွေဦးရန်နံ့ ကုမ္ပဏီ လီမိတက်
3. နောင်တံ့နဂါး သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက်
4. စံပါရမီ သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက်
5. ဟိန်းလင်းစံ သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက်
6. မြင့်ဦးအောင် သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက်
7. မဟာရွှေလဝန်း သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက်
8. ကျောက်ဆောင်နီ ကုမ္ပဏီ လီမိတက်
9. နမ့်ယွန်း သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက်

ယင်းကုမ္ပဏီများမှ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်များ မည်သူမည်ဝါဖြစ်ကြောင်း မသိရပါ။ စိုင်းလောင်ဟိန်း ကုမ္ပဏီက အကျိုးခံစားခွင့်ရှိသူပိုင်ရှင်များ ထုတ်ပြန်ရန် ပျက်ကွက်ခဲ့မှုကြောင့် မြန်မာအီးအိုင်တီအိုင် ၂၀၂၀ ဇန်နဝါရီလ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ စိုင်းလောင်ဟိန်း ကုမ္ပဏီ၏ ဦးဆောင်ညွှန်ကြားရေးမှူးမှာ မြန်မာစစ်တပ်အရာရှိဟောင်း ဦးတင်နွယ် ဖြစ်သည်။

နိုဝင်ဘာလ 21 ရက် 2019 နေ့တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မိုင်းကိုး မန်းဂနိစ် တူးဖော်ရေးဌာနသို့ စိုင်းလောင်ဟိန်း၊ ရွှေဖြူကောင်းကင်နန်းတော် ကုမ္ပဏီတို့၏ လုပ်ငန်းခွင်အခြေအနေ စစ်ဆေးရန် ရောက်ရှိလာသည်။ ယင်းကုမ္ပဏီ ၂ ခုသည် အသေးစားလုပ်ငန်းမှ အလယ်အလတ်အဆင့် မြှင့်တင်ရန် လျှောက်လွှာတင်ထားသည်။ သတင်းမီဒီယာ တခု၏ ထုတ်ပြန်ချက်အရ မိုင်းကိုးသတ္တုတူးဖော်

ရေး စတင်ချိန်မှ တွက်ဆလျှင် မန်းဂနိစ် ဒိုင်အောက်ဆိုဒ် တန်ချိန်ပေါင်း 293,408 တန် တူးဖော်ခဲ့ပြီး အစိုးရအနေဖြင့် အမေရိကန်ဒေါ်လာ 4.5 သန်း ($4,519,388) အကျိုးအမြတ်ရရှိခဲ့သည်။[7]




*တာချီလိတ်၊ မိုင်းကိုးကျေးရွာအုပ်စုအတွင်းရှိ မန်းဂနိစ်သတ္တုတူးဖော်ရေးလုပ်ငန်း*




တာချီလိတ်မိုင်းကိုးအုပ်စုအတွင်း မန်းဂနိစ်တူးဖော်ချင်းကို အချိန်ကာလအလိုက် တွေ့မြင်ရသောပုံ

# မန်းဂနိစ်သတ္တုရိုင်းများ သည်ယူပို့ဆောင်ခြင်းနှင့် တင်ပို့ရောင်းချခြင်း

မန်းဂနိစ်သတ္တုရိုင်းများကို ထရပ်ကားကြီးများဖြင့် မိုင်းကိုးကျေးရွာမှ တာချီလိတ်လေဆိပ် အရှေ့ဘက် ၁ မိုင်ခန့်အကွာ လမ်းဘေးတွင် စုပုံထားသည်။ ထိုနေရာမှ တဆင့် ထိုင်းနိုင်ငံ မယ်ဆိုင်ချစ်ကြည်ရေးတံတား အမှတ် ၂ ကို ထရပ်ကားဖြင့် တင်ပို့သည်။

မယ်ဆိုင်အခြေစိုက်ထိုင်းအကောက်ခွန်ဌာန၏ ကိန်းဂဏန်းအရ မြန်မာဘက်မှ နယ်စပ်ဖြတ်ကျော်တင်ပို့သည့် မန်းဂနိစ်သတ္တုရိုင်းများသည် အဘိုးတန်ဆုံး စာရင်းဝင်တခုဖြစ်သည်[8]။ ထိုင်းနိုင်ငံ အခြေခံစက်မှုလုပ်ငန်း နှင့် သတ္တုတွင်းဦးစီးဌာန က အကြမ်းဖျင်းအားဖြင့် ဖေါ်ပြထားသည့် မန်းဂနိစ်သတ္တုရိုင်း သွင်းကုန်ကိန်းဂဏန်း ပမာဏသည် လွန်ခဲ့သည့် 10 နှစ်ကျော်ကာလတွင် ထုထည်များစွာမြင့်မား ခဲ့သည်[9]။

| ထိုင်းနိုင်ငံသို့ တင်သွင်းသည့် မန်းဂနိစ်သတ္တုရိုင်း | 2010 | 2019 |
|---|---|---|
| အရေအတွက် (တန်ချိန်) | 4,500 | 135,616 |
| တန်ဘိုး (ဘတ်သန်းပေါင်း) | 17.8 | 203.8 |




*တာချီလိတ်အတွင်း မန်းဂနိစ်စုပုံထားသော ဧရိယာ*

မန်းဂနိစ်သတ္တုရိုင်းများ ထိုင်းနိုင်ငံသို့ ရောက်ရှိလျှင် တဖန် ထရပ်ကားကြီးများဖြင့် လှဲမ်ချဘန်း ဆိပ်ကမ်းသို့ တင်ပို့ကာ ထိုမှတဆင့် တရုတ်နိုင်ငံသို့ တင်ပို့သည်။ ထိုင်းအကောက်ခွန်ဌာန အဆိုအရ 2021 မေလတွင် မန်းဂနိစ်သတ္တုရိုင်း 574 တန် (ဘတ်ငွေ 1 သန်းခန့်) မြန်မာနိုင်ငံမှ တင်သွင်းခဲ့ပြီး၊ ယင်းမေလ အတွင်းတွင်ပဲ 574 တန် (ဘတ်ငွေ 1.6 သန်း တန်ဘိုးရှိ) မန်းဂနိစ်သတ္တုရိုင်းများ ကို တရုတ်သို့ တင်ပို့သည်။[10]

ချင်းရိုင်းအခြေစိုက် ပက်ပွမ်း ချင်းရိုင်း နှင့် မယ်ဆိုင်တွင် ရုံးဖွင့်ထားသည့် အက်စ်ဒီ ယန်နီ ဆိုသည့်ထိုင်းကုမ္ပဏီ ၂ခုကသာ မန်းဂနိစ်သတ္တုရိုင်းများကို နိုင်ငံခြားသို့တင်ပို့ခွင့် လိုင်စင်ရှိသည်။




*တာချီလိတ်အနီးရှိ မန်းဂနိစ်စုပုံရာဧရိယာကို အချိန်ကာအလိုက်တွေ့မြင်ရသောပုံ*

# မန်းဂနိစ်ထုတ်လုပ်မှုမှ ညစ်ညမ်းမှုများ

## ရေညစ်ညမ်းမှု

ရေထဲတွင် မန်းဂနိစ်အနေအထား များပြားနေလျှင် ကျန်းမာရေးအတွက် ဆိုးရွားစေနိုင်သည်။ အမေရိကတွင် လေ့လာတွေ့ရှိချက်အရ မန်းဂနိစ် ပါဝင်နေသည့်သောက်ရည်ထဲတွင် သောက်သုံးမိသည့် ကျောင်းသားအရွယ် ကလေးများ ဉာဏ်ရည်ဉာဏ်သွေး ချို့တဲ့ကြောင်း ဆိုပါသည်။[11]

2018 ခုနစ် ဇွန်လတွင် ထိုင်းနိုင်ငံ ပြည်နယ်ရေရရှိရေးအာဏာပိုင် (PWA) ထုတ်ပြန်ချက် တစောင်တွင် နမ့်ဟုတ်မြစ်ရေမှ မယ်ဆိုင်သို့ ရေသွယ်တန်းပေးသော ရေပေးမှုစနစ်တွင် မန်းဂနိစ်ပါဝင်မှု ပမာဏမှာ အတော်မြင့်မားကြောင်း ဆိုပါသည်။[12] ရေများနောက်နေစေခြင်း အနံ့ဆိုးများဖြစ်စေခြင်းအပြင် ရေပိုက်ခေါင်းလိုင်းများလည်း ပိတ်ဆို့စေသည်။ မန်းဂနိစ်အဆိပ်သင့်မှုကြောင့် အာရုံကြောဆိုင်ရာ ရောဂါများ ဖြစ်ပေါ်စေနိုင်သည့်အတွက် စိုးရိမ်ရဖွယ်ရှိကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။




*တာချီလိတ်၊ မိုင်းကိုးကျေးရွာအုပ်စုအတွင်းရှိ မန်းဂနိစ်သတ္တုတူးဖော်ရေးလုပ်ငန်း*

နမ့်ဟုတ်မြစ်သည် 2 ကီလိုမီတာခန့်စီးဆင်းလျှင် နမ့်ဟုတ်မြစ် နှင့် မယ်ဆိုင်မြစ်တို့ ဆုံဆည်းရာ မြစ်ဝှမ်းဇုန်ရောက်လျှင် ကိုချန်းရေပန့်ဌာန၏တည်နေရာပင်ဖြစ်သည်။ ဤဌာန၌ ရေညစ်ညမ်းမှု ပမာဏကို တိုင်းတာစစ်ဆေးသည်။ နမ့်ဟုတ်မြစ်ဧရိယာ ဆိုသည်မှာ မိုင်းကိုး မန်းဂနိစ် တူးဖော်ရေးဌာန နှင့် တာချီလိတ်မြို့၏ အရှေ့ဘက် မန်းဂနိစ်သတ္တုရိုင်းများ စုပုံထားရာနေရာ ပါဝင်

သည်။ ဒီအချက်ကိုထောက်ဆလျှင် မန်းဂနိစ် ညစ်ညမ်းမှုသည် မြန်မာဘက် မန်းဂနိစ်တူးဖော်ရေးလုပ်ငန်းမှ သက်ဆင်းလာသည့် ညစ်ညမ်းမှုများ ဖြစ်နိုင်ကြောင်း ကောက်ချက်ချသည်။

ညစ်ညမ်းမှု ပြဿနာကို မြန်မာအာဏာပိုင်များက သတိပြုမိပုံရသည်။ ဝန်ကြီး ဦးအုန်းဝင်းသည် 2019 နိုဝင်ဘာလတုန်းက တာချီလိတ်သို့ အလည်အပတ်ရောက်စဉ် မန်းဂနိစ်သတ္တုတွင်းမှ စွန့်ပစ်အညစ်အကြေးများ မယ်ဆိုင်မြစ်ထဲသို့ စီးဆင်းမသွားအောင် သေချာစီစဉ်ရမည်ဟု ပြောဆိုခဲ့သည်။[13]

ဟုန်ပန်းကုမ္ပဏီက အသစ်တည်ဆောက်မည့် မန်းဂနိစ်သန့်စင်စက်ရုံမှာ နမ့်ဟုတ်မြစ်နှင့် ဘေးချင်း ကပ်ရပ်ပင်ဖြစ်ပြီး ၎င်းစက်ရုံမှ စွန့်ပစ်ညစ်ညမ်းရေများ နှင့် စက်ရုံအနီး စုပုံထားသည့် မန်းဂနိစ်သတ္တုရိုင်း တို့၏ အညစ်အကြေးများ စီးဆင်းလာမှာကို အထူးစိုးရိမ်နေကြသည်။



*နမ့်ဟုတ်မြစ်*

## လေထုညစ်ညမ်းမှု

တာချီလိတ်အနီးတွင် တည်ဆောက်ရန် စီစဉ်ထားသည့် စက်ရုံတွင် ဘယ်လို မန်းဂနိစ်သန့်စင်မှုများ ဆောင်ရွက်မည်ကိုတော့ မသိရသေးပါ။ သို့သော် မီးဖိုဌ်အရည်ကျို တာမျိုးပါဝင်နိုင်သည့် အတွက်ကြောင့် လေထဲသို့ အခိုးအငွေ့များ ထုတ်လွှင့်ခြင်းများရှိနိုင်ပြီး စက်ရုံနှင့် အနီးတဝိုက်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်နိုင်သည်။

1981 ခုနှစ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ လေ့လာတွေ့ရှိချက်အရ မန်းဂနိစ်သန့်စင်မှုကြောင့် နိုင်ငံတချို့တွင် အဆုတ်ရောင် (နမိုးနီးယား) အပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်မှုများ ယင်းတို့စက်ရုံနှင့် အနီးတဝိုက်နေထိုင်သူများ ခံစားခဲ့ကြကြောင်း ဆိုပါသည်။[14]

## တာချီလိတ်မှရာဘာထုတ်လုပ်မှု

ခရစ်နှစ် 2000-2030 စီမံကိန်းအရ မြန်မာစစ်တပ်သည် ရည်မှန်းချက်နှင့်အညီ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့စိုက်ပျိုးရန် ဖြစ်သည့်အလျောက် 2000 ခုနှစ်နှောင်းပိုင်းမှစ၍ ရှမ်းပြည်အရှေ့ပိုင်းတွင် ရော်ဘာစိုက်ပျိုးခင်းများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးမှုများ စီစဉ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံသူ တရုတ်များက တရုတ်အစိုးရ၏ ရော်ဘာပင်ဖြင့် ဘိန်းအစားထိုး စိုက်ပျိုးရန် အားပေးထောက်ပံ့သည့် အခွင့်အရေး ရယူမှုလည်းပါဝင်သည်။ ‘ဝ’ တပ်ဖွဲ့ပိုင် ဟုန်ပန်းကုမ္ပဏီက တရုတ်ရင်းနှီးမြှုပ်နှံသူများနှင့် အစုဝင်ပြီး ‘ဝ’ လူမျိုးများ ရှမ်းပြည်တောင်ပိုင်းသို့ ပြည်လည်နေရာချထားရေး၌လည်း ပါဝင်ဆောင်ရွက်သည်။ ခုနှစ် 2000 နှင့် 2012 အကြားတွင် ရော်ဘာပင်များ 1,694 ဧက စိုက်ပျိုးရာမှ ဧကပေါင်း 87,180 အထိ တိုးချဲ့လာသည်။[15]

မြန်မာစစ်တပ် နှင့် အပေါင်းအပါပြည်သူ့စစ်များ၏ ညွှန်ကြားချက်အမိန့်ဖြင့် တာချီလိတ်မြို့နယ်တွင် တောင်ကုန်းများရှင်းလင်းသုတ်သင်ပြီး ရော်ဘာပင်များဖြင့် အစားထိုးစိုက်ပျိုးလိုက်သည်။ သဘာဝအလျောက်ပေးထားသည့် ဒေသခံတို့ပိုင် သစ်တောရင်းမြစ်များ နှင့် တောင်ပေါ်ဒေသ ရိုးရာစိုက်ခင်းများ ပျက်စီးဆုံးရှုံးရသည်။ 2006 ခုနှစ်တွင် တာချီလိတ်မြို့နယ် မိုင်းဖုန်းဒေသ၌ မြေဧက 5,000 ပေါ်တွင် မြန်မာစစ်တပ်က ယူနန်ဟုန်ဂျူ အုပ်စုကုမ္ပဏီအား ရော်ဘာပင်များ စိုက်ပျိုးရန် ခွင့်ပေးခဲ့သည်။ ယင်းဒေသ၌ နေထိုင်သော ကျေးရွာ 17 ရွာ မှ လူထုအား နယ်မြေသုတ်သင်ရှင်းလင်း မီးရှို့ဖျက်ဆီးခြင်းနှင့် ရော်ဘာစေ့ချရန် အဓမ္မ စေခိုင်းခြင်း ခံရသည်။ အာခါကျေးရွာ ၃ ရွာကိုလည်း ရော်ဘာပင်များ စိုက်ပျိုးရေး စီမံချက်ဖြင့် အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းခံရသည်။[16]

ယနေ့တွင် တာချီလိတ်မြို့နယ် ပတ်ပတ်လည်တွင် ရော်ဘာပင်များ ဖုန်းလွှမ်းနေသည့် စိုက်ခင်းတမျိုးတည်းသာ မြင်တွေ့ရမှာဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူ အများစုမှာ ပြင်ပမှ ရောက်လာသူများ ဖြစ်ပြီး ရော်ဘာပင်စိုက်ပျိုးခင်းများ ပြုစုရာတွင်လည်း တခြားမှ ရောက်လာသော အလုပ်သမား

များဖြစ်သည်။ ဒေသခံပြည်သူအနေဖြင့် အကျိုးအမြတ် တစုံတရာ မရှိသလောက်ပင်ဖြစ်သည်။

တာချီလိတ်ဒေသတွင်းမှ ကောက်သိမ်းရရှိသော ရော်ဘာစေးများကို ကုန်ကြမ်းအဖြစ်ဖြင့် အပြားလိုက် (သို့) အတုံးလိုက် အခြေခံအဆင့်သာ ထုတ်လုပ်ထားပြီး ထရပ်ကားကြီးများဖြင့် တာချီလိတ် အရှေ့ပိုင်း ဝမ်ပုံ (သို့) ကျိုင်းလပ် သို့ တင်ဆောင်ကာ ထိုမှတဆင့် တရုတ်နိုင်ငံသို့ မဲခေါင်မြစ်ကြောင်းမှ လှေများဖြင့်ရေဆန်၍တင်ပို့သည်။ တာချီလိတ်တွင် စီမံချက်ချထားသည့် အတိုင်း ရော်ဘာသန့်စင်စက်ရုံ တည်ဆောက်မည်ဆိုလျှင် ဒေသတွင်း စက်မှုလုပ်ငန်းအဆင့် အနေဖြင့် ပထမဆုံးအကြိမ်ဖြစ်ပါလိမ့်မည်။

## ရော်ဘာသန့်စင်စက်ရုံမှ စိုးရိမ်ဖွယ်ရာ ပတ်ဝန်းကျင်ညစ်ညမ်းမှု

ရော်ဘာစေးမှ သန့်စင်သည့်ရော်ဘာ ရသည်ထိ လုပ်ငန်းစဥ်မှာ - ချေဖျက်ခြင်း၊ ဆေးကြော ခြင်း၊ အက်ဆစ်ဓာတ်ဖြင့် ခဲအောင်လုပ်ခြင်း၊ ပြန်ချေဖျက်ခြင်း နှင့် အခြောက်လှန်းခြင်း ဟူ၍ အဆင့်ဆင့် လုပ်ဆောင်ရသည်။ လုပ်ငန်းစဥ် စ,ဆုံးပြီးစီးဖို့ရန် ရေများစွာ အသုံးပြုရသည်။ ဆိုလိုသည်မှာ စွန့်ပစ်ရေညစ်လည်း များစွာစီးဆင်းမည် ဟူ၍ဖြစ်သည်။ ဒေသတွင်း ရွာသူ/ သားများအနေဖြင့် ညစ်ညမ်းရေများ နမ့်ဟုတ်မြစ်ထဲသို့ စီးဆင်းမှာကို အလွန်တရာ စိုးရိမ်နေ ကြသည်။ မြေနိမ့်တွင်ရှိသည့် လယ်ကွင်းစိုက်ခင်းများ ထဲသို့ စီးဆင်းပျက်စီးစေခြင်း၊ အိမ်တွင်း သုံးရေအတွက် ၎င်းနမ့်ဟုတ်မြစ်မှ ရေကို မှီခိုနေရသည့် နေအိမ်များက ကျန်းမာရေးထိခိုက်ခြင်း စသည့် ဆိုးကျိုးများ ပေါ်ပေါက်မှာ စိုးရိမ်နေကြသည်။

ဒေသခံများ၏ အခြားစိုးရိမ်ဖွယ် အချက် တခုကတော့ အပုပ်နံ့များ ပေါ်ပေါက်လာလျှင် နီးစပ် သည့် ပတ်ဝန်းကျင်တခုလုံး နေထိုင်သည့်ပြည်သူများ ကျန်းမာရေးထိခိုက်နိုင်ပါသည်။

2017 ခုနှစ်တွင် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း ဥဒွန်းဌာနီ ပြည်နယ်တွင် ရော်ဘာသန့်စင် စက်ရုံ ကြီး ၂ ခု၏ ကျိုးသက်ရောက်မှုများ အခြေအနေကို ထိုင်းအစိုးရက ဦးဆောင်လေ့လာချက် စစ်တမ်းတခုအရ[17] 5-ကီလိုမီတာ ပတ်ပတ်လည်အတွင်းရှိ စက်ရုံများမှ ထုတ်လွှတ်သည့် ဓာတု အခိုးအငွေ့များသည် ဘေးကင်းကြောင်းကန့်သတ်ထားသည့် သတ်မှတ်ချက်ထက် အဆ ၅၀ ပိုမို ထွက်ရှိကြောင်း၊ အသက်ရှုလမ်းကြောင်း ရောင်ရမ်းခြင်း၊ မျက်စိယားယံခြင်း၊ ခေါင်းကိုက်ခြင်း နှင့် ပျို့အန်ခြင်းတို့ကိုဖြစ်စေကြောင်း ဖေါ်ပြထားသည်။ အဆိုပါလေ့လာချက်အရ စက်ရုံများနှင့် ၁၀ ကီလိုမီတာအကွာအဝေးတွင်ရှိသော ရပ်ရွာလူထုများက အနံ့နှင့်ပတ်သက်သည့် တိုင်ကြား မှုများ ရှိကြောင်းဖော်ပြခဲ့သည်။

ဤအချက်ကိုထောက်ရှုခြင်းအားဖြင့် ဟုန်ပန်းကုမ္ပဏီ၏ ရော်ဘာစက်ရုံသစ်မှ အနံ့သည် တာချီ လိတ်အရှေ့ပိုင်း ဆင်ခြေဖုံးများသာမကဘဲ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နှင့် ကပ်လျက်ရှိသော ဒေသ များအားလုံးကိုပါ ထိခိုက်နိုင်သည်ဟု အကြံပြုသည်။ ထို့ကြောင့် စီမံချက်ရော်ဘာစက်ရုံသည် တာချီလိတ်-မယ်ဆိုင် နယ်စပ်တလျှောက်ရှိ လူနေမှုအဆင့်အတန်း၊ ကျန်းမာရေးနှင့် ခရီးသွား လုပ်ငန်းကို ခြိမ်းခြောက်လိမ့်မည်။

# နိဂုံး

တာချီလိတ်မြို့အနီးရှိ တရားမဝင်သိမ်းဆည်းထားသည့်မြေကွက်ပေါ်တွင် ညစ်ညမ်းမှုထုတ်လွှတ်သည့်စက်ရုံ ၂ ခု ဆောက်လုပ်ရန် UWSA ၏ စီမံချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) က ကျောထောက်နောက်ခံပြုထားခြင်းသည် ဒေသခံလူထု၏ အခွင့်အရေးများအပေါ် မထီမဲ့မြင်ပြုရာရောက်သည့် နောက်ထပ် သက်သေသာဓက တခုဖြစ်သည်။ စစ်ကောင်စီသည် အာဏာသိမ်းယူပြီးနောက် UWSA ၏ နိုင်ငံရေးထောက်ခံမှုရယူလိုခြင်းကြောင့် အန္တရာယ်ရှိသည့် လုပ်ပိုင်ခွင့်လိုင်စင်များ ဆက်လက် ထုတ်ပေးမည့် အလားအလာရှိကြောင်း စိုးရိမ်ဖွယ် အရိပ်လက္ခဏာ ပြနေသည်။

ဟောင်လိတ်လယ်သမားများသည် သူတို့၏ လယ်ယာမြေများကို အင်အားကြီးသော ကိုယ်ကျိုးစီးပွားရှာသူများ ရန်မှ ကာကွယ်ရန် ရဲရင့်စွာ ပြသခဲ့သည်။ စက်ရုံသစ်များတည်ဆောက်မှုကို ဆန့်ကျင်ရင်း သူတို့သည် နယ်စပ်ဒေသနှစ်ဖက်စလုံးတွင် နေထိုင်သော ထောင်ပေါင်းများစွာသော လူထုအတွက် သဘာဝပတ်ဝန်းကျင် နှင့် ကျန်းမာရေးကိုပါ ကာကွယ်စောင့်ရှောက်နေလျက်ရှိသည်။

ကျွန်ုပ်တို့ ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်အနေဖြင့် နမ့်ဟုတ်မြစ်ဝှမ်းရှိ လူမှုအသိုင်းအဝိုင်းအားလုံးသည် ဟောင်လိတ်တောင်သူလယ်သမားများ၏ ကြိုးစားတွန်းလှန်မှုကို ကူညီလိမ့်မည်ဟု မျှော်လင့်ထားပြီး၊ စစ်ကောင်စီ (SAC) နှင့် 'ဝ' သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ (UWSA) တို့အားလည်း အလွန်အန္တရာယ်ရှိသော စက်ရုံစီမံကိန်းများအား ချက်ချင်းရုတ်သိမ်းပြီး လယ်ယာမြေများကို ၎င်းတို့၏ပိုင်ရှင်များထံ ပြန်လည်အပ်နှံရန် တိုက်တွန်းအပ်ပါသည်။

# ကိုးကားချက် -

1. Myanmar Directorate of Investment and Company Administration, https://www.myco.dica.gov.mm/Corp/EntityProfile.aspx?id=1edbf1df-5afe-400f-90ba-2bf3fb4ee2e1
2. “Unsettling Moves,” Lahu National Development Organisation, April 2002, https://www.lndoess.org/wp-content/uploads/2016/10/The-Wa-forced-resettlement-program-in-eastern-Shan-State.pdf
3. “Hand in Glove,” Shan Herald Agency for News, 2006, https://www.burmalibrary.org/sites/burmalibrary.org/files/obl/docs07/HandinGlove.pdf
4.Wikileaks cable, May2002, https://wikileaks.wikimee.org/cable/2002/05/02RANGOON576.html
5. “Unsettling Moves,” Lahu National Development Organisation, April 2002, https://www.lndoess.org/wp-content/uploads/2016/10/The-Wa-forced-resettlement-program-in-eastern-Shan-State.pdf
6. “Grab for White Gold,” Lahu Women’s Organisation, May 2012, https://www.scribd.com/document/93216957/Lahu-Women-report-Grab-for-White-Gold-english
7. Golden Triangle Regional News article, 22 November 2019, https://www.facebook.com/GoldenTriangleRegionalNews/posts/2723837641012753/
8. Chiang Mai News article, 22 October 2018, https://www.chiangmainews.co.th/page/archives/826532/
9. Thai Department of Industry and Mines website, http://www7.dpim.go.th/stat
10. Thai Customs website, http://www.customs.go.th/statistic_report.php?ini_content=statistics_report&ini_menu=nmenu_esevice&left_menu=nmenu_esevice_007&lang=th&left_menu=nmenu_esevice_007
11. https://pubmed.ncbi.nlm.nih.gov/20855239/
12. Thai Provincial Waterworks Authority Study of Water Quality, June 2018, https://reg9.pwa.co.th/reg9_2019/intra/performance/CQ2ZE030221_171405.pdf
13. Golden Triangle Regional News article, 22 November 2019, https://www.facebook.com/GoldenTriangleRegionalNews/posts/2723837641012753/
14. Manganese Environmental Health Criteria 17, World Health Organisation, 1981, https://wedocs.unep.org/handle/20.500.11822/29300
15. Hla Myint, “Rubber Planting Industry in Myanamr: Current Situation and Potentials”, presentation at ASEAN Plus 2013 Rubber Conferecne, 10-12 April 2013, https://km.raot.co.th/uploads/dip/userfiles/5.mr.hla%20myint.pdf
16. “Undercurrents” Issue 3, Lahu National Development Organisation, April 2009, https://www.lndoess.org/wp-content/uploads/2016/10/undercurrentsissue3.pdf
17. “The effects of the rubber factories in Tambon Nongnakham, Amphur Muang, Udonthani,” by Thailand’s Environmental Research and Training Center and Regional Environmental Office, 2017

ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်

www.shanhumanrights.org